# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

# (၂၃)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၇-၂-၂၀၁၈ ] (အင်္ဂါနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးနေစိုးအောင်၊ ဝန်းသို မဲဆန္ဒနယ်၏ **ကသာခရိုင်၊ ဝန်းသိုမြို့နယ်၊ ပင်လည်ဘူး-ဝန်းသို-ဆင်ကုန်းလမ်းပေါ်ရှိ မောင်းကော်တံတားအား ကွန်ကရစ်တံတားအဖြစ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **တောင်တွင်းကြီး မြို့နယ်ရှိ ဗိဿနိုးယဉ်ကျေးမှုနယ်မြေ မြို့ပတ်လမ်းဖြစ်သော အုန်းနှဲတန်း-ကြက်ဖြူတော ကျေးရွာချင်းဆက်လမ်းကို မြေနီကျောက်ချောလမ်း ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဘုန်းမြင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ဒိုက်ဦးမြို့၊ ဖအောင်ဝဲ ရပ်ကွက်မှ နှင်းဝိကျေးရွာသို့သွားသော လမ်းမကြီးတွင် ဘိုင်းဒါးချောင်း၊ ချောင်းဆုံတံတားကြီးအား သစ်သားတံတားမှ သံကူကွန်ကရစ် တံတားအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဝင်းနိုင်၊ မိုးကောင်း မဲဆန္ဒနယ်၏ **မြစ်ကြီးနား– ရွှေဘို– မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မိုးကောင်းမြို့နယ်တွင်း လမ်းပိုင်းနှင့် မိုးကောင်း–ကာမိုင်း–ဖားကန့် လမ်းပိုင်းတို့အား B.O.T စနစ်ဖြင့် ဆောင်ရွက်ရန် စီစဉ်ထားရှိမှု အခြေအနေကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **၂၀၁၆–၂၀၁၇ ဘတ်ဂျက်နှစ်တွင် ပြန်လည်ပြုပြင် တည်ဆောက်ခဲ့သော သနပ်ပင်–မင်းရွာကျောင်းစု ကျောက်ချောလမ်း (၅.၆)မိုင်မှာ ယခုအခါ ပျက်စီးနေပြီဖြစ်သည့် အတွက် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် ယင်းလမ်းအား တည်ဆောက်ခဲ့သော ကုမ္ပဏီသည် အရည်အသွေး ပြည့်မီစွာ ဆောက်ရွက်ခြင်း မရှိသည့်အတွက် အရေးယူဆောင်ရွက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဦးထွန်းဝင်း၊ ကျောက်တော် မဲဆန္ဒနယ်၏ **ကျောက်တော်မြို့နယ် အထက်ပိုင်း၊ ကုလားတန်အရှေ့ဘက် ကမ်းခြေဒေသဖြစ်သည့် ကျောက်တော်မှ မီးဝအထိ ရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက **"တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသည့် **"တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။